# ဤအရာသည် ဂျပန်နိုင်ငံသို့ ရောက်ရှိလာသော သင့်အတွက် သတင်းစကား ဖြစ်ပါသည်။

## အသားထွက်ကုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စသည်တို့ကို ဂျပန်နိုင်ငံသို့ ယူဆောင်လာခြင်းမပြုရပါ။



- **၎င်းတို့ကို အပြည်ပြည်ဆိုင်ရာ ချောထုတ်ပို့လုပ်ငန်းများဖြင့်လည်း ပို့ဆောင်၍ မရပါ။ အသားထွက်ကုန်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများ စသည်တို့ကို အပြည်ပြည်ဆိုင်ရာ ချောထုတ်ပို့လုပ်ငန်းများဖြင့် ပို့ဆောင်ခြင်း မပြုကြရန် မိခင်နိုင်ငံရှိ သင့်၏ မိသားစုနှင့် အသိမိတ်ဆွေတွေကို အသိပေးမှာကြားထားပါ။**

(အကယ်၍ သင်သည် စစ်ဆေးမှုခံယူထားခြင်းမရှိသော အသားထွက်ကုန်များ၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို အပြည်ပြည်ဆိုင်ရာ ချောပို့လုပ်ငန်းများ ဖြင့် လက်ခံရရှိပါက ကျေးဇူးပြု၍ အနီးဆုံး ပိုးမွှားတိရစ္ဆာန် သီးသန့်စစ်ဆေးရေးဌာန သို့မဟုတ် သစ်ပင်ပန်းမန်းကာကွယ်ရေးဌာနသို့ ချက်ချင်း အကြောင်းကြားပါ။)



- ကျေးဇူးပြု၍ ဂျပန်နိုင်ငံပြင်ပတွင် အသုံးပြုပြီးနောက် ညစ်ပေနေသော လုပ်ငန်းသုံးဝတ်စုံများ၊ လုပ်ငန်းသုံးဖိနပ်များ၊ လည်ရှည်ဖိနပ်များကို ယူဆောင်လာခြင်း မပြုပါနှင့်။
- ဂျပန်နိုင်ငံသို့ မလာရောက်မီ တစ်ပတ်အတွင်း နိုင်ငံပြင်ပတွင် အိမ်မွေးတိရိစ္ဆာန်များကို ထိတွေ့ကိုင်တွယ်ခြင်း သို့မဟုတ် ဂျပန်နိုင်ငံသို့ ရောက်ပြီး တစ်ပတ်အတွင်း အိမ်မွေးတိရိစ္ဆာန် များကို ထိတွေ့ကိုင်တွယ်ခြင်း မပြုပါနှင့်။

- အသားထွက်ကုန်များ၊ ဟင်းသီဟင်းရွက်များနှင့် သစ်သီးဝလံများ နိုင်ငံရပ်ခြားမှ ဂျပန်နိုင်ငံတွင်းသို့ သယ်ဆောင်ခြင်းကို ပြင်းပြင်းထန်ထန် တားမြစ်ထားပါသည်။
- အသားထွက်ကုန်များ၊ ဟင်းသီဟင်းရွက်များနှင့် သစ်သီးဝလံများစသည်တို့ကို ဂျပန်နိုင်ငံတွင်းသို့ သယ်ဆောင်လာပါက ကြီးလေးသော အပြစ်ဒဏ် (ဥပမာ ထောင်ဒဏ် ၃ နှစ် အောက် (သို့မဟုတ်) ဂျပန်ယန်း ၃ သန်းအထိ ငွေဒဏ်၊ ကုမ္ပဏီလုပ်ငန်းဖြစ်ပါက ဂျပန်ယန်း သန်း ၅၀ အထိ ငွေဒဏ်)များကို ချမှတ်ခံရပါမည်။
- တရားမဝင်သောပစ္စည်းများ သယ်ဆောင်လာသည်ကို တွေ့ရှိရပါက ရဲတပ်ဖွဲ့ထံသို့ အကြောင်းကြားမည်ဖြစ်ပါသည်။
- တရားမဝင်တင်သွင်းမှုများကြောင့် ဖမ်းဆီးခံရသူများလည်း ရှိပါသည်။
- အကယ်၍ သင့်သည် တင်သွင်းခွင့်မရှိသော မွေးမြူရေးထွက်ကုန်ပစ္စည်းများကို ယူဆောင်လာပါက သင်ကို ဂျပန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပြုလိမ့်မည် မဟုတ်ပါ။



MAFF
Ministry of Agriculture, Forestry and Fisheries

တိရိစ္ဆာန်များ သီးသန့်စစ်ဆေးရေးဌာန၊

သစ်ပင်များ ကာကွယ်ရေးဌာန၊